# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

November 4 , 2022 Volume 60, Number 4

၄.၁၁.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၆၄၀ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၃၀၃၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၀၅၅.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၄၈၄.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၃၃၆.၀ကျပ် |
| သြစတြေးလျတစ်ဒေါ်လာ | = ၁၃၂၂.၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၂၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၄၆၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၇.၉၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၂.၂၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၅.၉၉၃ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## အင်ဒိုနီးရှား အခွန်ရည်ညွှန်းဈေးနှုန်း တိုးမြှင့်သဖြင့် စားအုန်းဆီ ဈေးနှုန်း မြင့်တက်


https://www.foodindustrydirectory.com.mm

စားအုန်းဆီ ကမ္ဘာ့ထိပ်တန်း စိုက်ပျိုးထုတ်လုပ်သူ အင်ဒိုနီးရှားသည် စားအုန်းဆီကြမ်း အမျိုးမျိုးအတွက် ပို့ကုန်ခွန်စည်းကြပ်မှုလျှော့ပေါ့ပေးခြင်းကို သက်တမ်းထပ်တိုးပေးလိုက်ပြီး အခွန်စည်းကြပ်ဖို့ အဆုံးအဖြတ်ပြုတဲ့ ရည်ညွှန်းဈေးနှုန်းကို တိုးမြှင့်လိုက်တဲ့အတွက်နှစ်လကျော်အတွင်း အမြင့်ဆုံးဈေးနှုန်းသို့ မြင့်တက်သွားပါတယ်။

ယခုနှစ်ကုန်အထိ ပို့ကုန်ခွန်စည်းကြပ်မှု လျှော့ပေါ့ပေးထားမှာဖြစ်ပြီး အသစ်ပြဋ္ဌာန်းလိုက်တဲ့ ရည်ညွှန်းဈေးနှုန်းကိုလည်း ယခုနှစ်ကုန်အထိ ဆက်လက်ပြဋ္ဌာန်းမှာဖြစ်ပါတယ်။

"ယခုအခါ မလေးရှား စားအုန်းဆီကြမ်းက ဆွဲဆောင်မှု ပိုရှိလာမှာပါ" လို့ မလေးရှားနိုင်ငံ ဆီလန်ဂေါ်အခြေစိုက် ပွဲစားလုပ်ငန်း Pelindung Bestari Bhd မှ ဒါရိုက်တာ Paramalingam Supramaniam က ပြောကြားပါတယ်။ "ဒါပေမဲ့ စားအုန်းဆီသန့်ကတော့ အင်ဒိုနီးရှားက ဈေးသက်သာနေလို့ မလေးရှား စားအုန်းဆီသန့်ဝယ်လိုအား နည်းနေတဲ့ဘက်ကို ရောက်သွားလိမ့်မယ်" လို့ ၎င်းက သုံးသပ်ပါတယ်။

တရုတ်ပြည်တွင်း ဈေးကွက်မှာလည်း စားအုန်းဆီဈေး မြင့်တက်ပါတယ်။ စားအုန်းဆီသန့် ၂၀၂၃ ဇန်နဝါရီလ ကြိုပွိုင့်ဈေးနှုန်း Dalian Commodity Exchange မှာ ၄.၅% ခုန်တက်ပါတယ်။ ပဲပိစပ်ဆီ ၂.၈% မြင့်တက်ပါတယ်။ ကမ္ဘာ့ အသုံးအများဆုံး ဟင်းချက်ဆီဖြစ်တဲ့ စားအုန်းဆီသန့် ကြိုပွိုင့်ဈေးနှုန်းက မလေးရှားနိုင်ငံ ကွာလာလမ်ပူမှာလည်း ၅% မြင့်တက်ပါတယ်။ တစ်တန် ရင်းဂစ် ၄,၂၆၂ အထိ ရောက်ရှိခဲ့ပါတယ်။ ဩဂုတ်လကုန် နောက်ပိုင်း အမြင့်ဆုံး ဖြစ်ပါတယ်။

ကမ္ဘာ့ဈေးကွက်ထဲ ဆောင်းရာသီမှာ ဝယ်လိုအား ကျဆင်းမယ်လို့ Paramalingam က ခန့်မှန်းပါတယ်။ ကမ္ဘာ့မြောက်ခြမ်းမှာ ဆောင်းရာသီ အအေးဓာတ်ကြောင့် စားအုန်းဆီက ခဲပျစ်ပျစ် ဖြစ်သွားတာကြောင့် သုံးစွဲမှု လျော့ကျပါတယ်လို့ ၎င်းက ပြောကြားပါတယ်။

Source: theedgemarket

https://www.foodindustrydirectory.com.mm/food-industry/fruits vegetables/item/5253-palm-oil-hits-twomonth-high.html

## တရုတ်နိုင်ငံ၏ ကုန်သွယ်မှု မူဝါဒဘဏ်သည် RCEP အဖွဲ့ဝင်များမှ သွင်းကုန်များအတွက် ချေးငွေပံ့ပိုးပေးမည်

တရုတ်နိုင်ငံ၏ မူဝါဒဘဏ်သည် ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (RCEP) အဖွဲ့ဝင်နိုင်ငံများမှ သွင်းကုန်များအတွက် သီးသန့်ချေးငွေ အထောက်အပံ့အတွက် တာဝန်ရှိကြောင်း၊ ထို့ကြောင့် တင်သွင်းမှုနှင့်ဆက်စပ်သူများ အတွက် ဘဏ္ဍာငွေလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်အတွက် ယွမ် ၂၀၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၇.၇ ဘီလီယံခန့်) တန်ဖိုးရှိသော ချေးငွေခွဲတမ်းကို သတ်မှတ်ထားသည်ဟု တရုတ်နိုင်ငံ၏ ပို့ကုန်-သွင်းကုန် ဘဏ်အရ သိရှိရကြောင်း၊ ဤချေးငွေပံ့ပိုးမှုသည် RCEP အဖွဲ့ဝင်နိုင်ငံများမှ ဆက်စပ်တင်သွင်းမှုများကို ချဲ့ထွင်ရန်ကြိုးပမ်းရာတွင် နိုင်ငံခြားကုန်သွယ်မှု နှင့် ကုန်ထုတ်လုပ်မှုကဲ့သို့သော နယ်ပယ်များတွင် အလေးပေးပံ့ပိုးမည်ဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ် ပထမ (၁၀) လတွင် မူဝါဒ ဘဏ်သည် သွင်းကုန်ထောက်ပံ့ရန် စုစုပေါင်းချေးငွေ ယွမ် ၃၁၀ ဘီလီယံကျော်ကို ကမ်းလှမ်းထားကြောင်း၊ မူဝါဒဘဏ်သည် လာမည့်ပဉ္စမအကြိမ်မြောက် China International Import Expo တွင် ပါဝင်သူများကဲ့သို့ သက်ဆိုင်ရာ ဖောက်သည်များ အတွက် အံဝင်ခွင်ကျဖြစ်စေသော ငွေကြေးဝန်ဆောင်မှု ပက်ကေ့ချ်ကိုလည်း ပြသမည်ဖြစ်ကြောင်း သိရှိရပါသည်။

Source: (မြန်မာစီးပွားရေးသံမှူးရုံး၊ကူမင်းမြို့)ရင်းမြစ် China's trade policy bank offers credit support for imports from RCEP members – News – 云桥网英文 (yunnangateway.com)

https://myantrade.gov.mm/article/%E1%80%90%E1%80%9B%E1%80%AF%E1%80%90%E1%80%BA%E1%80%94%E1%80%AD%E1%80%AF%E1%80%84%E1%80%BA%E1%80%84%E1%80%B6%E1%81%8F%20%

## တရုတ်နိုင်ငံတွင် စည်းမျဉ်းများ အသက်ဝင်လာသည်နှင့်အမျှ ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းများ ခေတ်သစ်သို့ ရောက်ရှိလာ

တရုတ်နိုင်ငံ၏ ကိုယ်ပိုင်အလုပ် လုပ်ကိုင်သော စီးပွားရေးလုပ်ငန်းများကို မြှင့်တင်ရန် အဓိကစည်းမျဉ်းတစ်ရပ်ကို ၁-၁၁-၂၀၂၂ ရက်နေ့တွင် စတင်အသက်ဝင်ခဲ့ကြောင်း၊ အစိုးရတာဝန်ရှိသူများနှင့် လုပ်ငန်းကျွမ်းကျင်သူများက ယင်းကြောင့် ကိုဗစ်-၁၉ ကာလအတွင်း တစ်ဦးချင်းစီးပွားရေးများ၏ မျှော်လင့်ချက်များကို တည်ငြိမ်စေပြီး ရေရှည်တွင် စစ်မှန်သော စီးပွားရေးကို တွန်းအားပေးမည်ဟု ပြောကြားခဲ့သည်။

စည်းမျဉ်းသည် အခွန်ကောက်ခံမှု၊ ဘဏ္ဍာရေး၊ အလုပ်အကိုင်၊ ဒစ်ဂျစ်တယ် ဖွံ့ဖြိုးတိုးတက်မှုနှင့် ဉာဏပစ္စည်းဆိုင်ရာ အကာအကွယ်ပေးရေး အပါအဝင် စီးပွားရေးလုပ်ငန်းတစ်ခုချင်းစီအတွက် ပိုမိုကြီးမားသော အထောက်အပံ့မူဝါဒများကို ကတိပြုထားကြောင်း၊ ဥပမာအားဖြင့် ဒေသန္တရ အစိုးရများသည် လုပ်ငန်းပရဝုဏ်- အဆောက်အအုံပံ့ပိုးမှုများ တိုးမြှင့်ပေးသင့်ပြီး လျှပ်စစ်နှင့် ငှားရမ်းခများကဲ့သို့သော ကုန်ကျစရိတ်များကို လျှော့ချသင့်သည်ဟု ပြဋ္ဌာန်းထားကြောင်း၊ “စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ အလုပ်အကိုင်ရရှိမှု၊ ဝင်ငွေတိုးရေးနှင့် ပြည်သူများ၏ဘဝ အဆင်ပြေချောမွေ့စေရေးတို့တွင် အစားထိုး၍မရသော အခန်းကဏ္ဍမှပါဝင်သည့် လူတစ်ဦးချင်း သို့မဟုတ် မိသားစုလုပ်ငန်း အသေးစားစီးပွားရေးလုပ်ငန်းများသို့ လက်တွေ့ကျသော တွန်းအားများရရှိရေး ဆောင်ရွက်ရန်ရည်ရွယ်ထားကြောင်း” ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့ ဒုတိယအကြီးအကဲ Pu Chun က ပြောကြားခဲ့သည်။

“ထူးခြားသည်မှာ မကြာသေးမီနှစ်များအတွင်း တိုက်ရိုက်ထုတ်လွှင့်ခြင်း၊ အသေးစား e-commerce နှင့် မီဒီယာ အသစ်များကဲ့သို့သော ထွန်းသစ်စကဏ္ဍများမှ ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သည့် စီးပွားရေးလုပ်ငန်းများ မြင့်တက်လာသည်ကို မြင်တွေ့ခဲ့ရကြောင်း၊ ၎င်းတို့သည် နိုင်ငံ၏ စုစုပေါင်း ကိုယ်ပိုင်အလုပ် လုပ်ကိုင်သည့် အိမ်ထောင်စုများ၏ ၃၀ ရာခိုင်နှုန်း နီးပါးရှိပြီး ဈေးကွက်ထဲသို့ တက်ကြွမှုအသစ်များကို ပေးလျက်ရှိကြောင်း၊ စက်တင်ဘာလကုန်အထိ တစ်နိုင်ငံလုံးတွင် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းပေါင်း ၁၁၁ သန်းကျော် မှတ်ပုံတင်ထားပြီး နိုင်ငံ၏ စုစုပေါင်းဈေးကွက် ကစားသူဦးရေ၏ သုံးပုံ နှစ်ပုံခန့်ရှိကြောင်း၊ ၎င်းတို့အနက်မှ ၉၀ ရာခိုင်နှုန်းအထိသည် လက်လီရောင်းချခြင်း၊ နေရာထိုင်ခင်း၊ အစားအသောက်နှင့် နေထိုင်မှုဝန်ဆောင်မှုများအပါအဝင် အဆင့်မြင့်ကဏ္ဍတွင် ပါဝင်ခဲ့ကြကြောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဒုတိယ ဝန်ကြီးဟောင်းနှင့် နိုင်ငံတကာ စီးပွားရေးဖလှယ်ရေးဗဟိုဌာန၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ Wei Jianguo က စည်းမျဉ်းတွင် ပါဝင်သော အစီအမံများသည် အချိန်ခါသင့်ဖြစ်ပြီး သေချာစွာ သတ်မှတ်ထားခြင်းဖြစ်ကြောင်း၊ “၎င်းသည် ယုံကြည်မှုကို

ကောင်းစွာမြှင့်တင်ပေးပြီး ဈေးကွက်မျှော်လင့်ချက်များကို တည်ငြိမ်စေကြောင်း၊ အထူးသဖြင့် ၎င်းတို့ အများစုသည် လည်ပတ်စရိတ်၊ စုဆောင်းခြင်းနှင့် ချေးငွေရယူခြင်းအတွက် အခက်အခဲများ နှင့်ရင်ဆိုင်ရသည့် အခါတွင်ဖြစ်ကြောင်း ” Wei က ပြောကြားခဲ့သည်။

China Daily ၏ စီမံအုပ်ချုပ်မှုမှ ဆောင်ရွက်သော စစ်တမ်းတစ်ခုအရ ယခုနှစ် အစပိုင်းမှစတင်၍ အိမ်ထောင်စု ၈၀ ရာခိုင်နှုန်းနီးပါးသည် အခြေခံလူနေမှုအဆင့်အတန်းကို ပံ့ပိုးပေးနိုင်ရုံသာရှိသော လစဉ်ပျမ်းမျှဝင်ငွေ ယွမ် ၁၀,၀၀၀ (အမေရိကန်ဒေါ်လာ ၁၃၈၉) ထက်နည်းပါးသော ဝင်ငွေကိုသာ ရရှိခဲ့ကြောင်း၊ “ယခင်ပံ့ပိုးကူညီမှု မူဝါဒများနှင့် နှိုင်းယှဉ်ပါက စည်းမျဉ်းသစ်တွင် မူဝါဒများ ချမှတ်ရာတွင် အများအားဖြင့် သေးငယ်ပြီး အကန့်အသတ်ရှိသော လုပ်ငန်းများ၏ လုပ်ငန်းကဏ္ဍများတွင် သက်ဆိုင်ရာအာဏာပိုင်များ၏ ခွဲခြားဆက်ဆံခံရနိုင်ချေရှိ၍ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများကို ခွဲခြားဆက်ဆံခြင်းမပြုရန် စည်းမျဉ်းရေးဆွဲသူများက အလေးပေးကြကြောင်း ဖေါ်ပြထားပါသည်။

လွန်ခဲ့သည့်နှစ်အနည်းငယ်အတွင်း အစိုးရသည် ကိုယ်ပိုင်လုပ်ငန်း သို့မဟုတ် အိမ်တွင်းစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် မူဝါဒများ ချမှတ်ခဲ့ကြောင်း၊ “ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများကို ပိုမိုပံ့ပိုးနိုင်စေရန် ပေါင်းစပ်အခွန်ပေးဆောင်ရေးမူဝါဒကို ယခုနှစ်အတွင်း အကောင်အထည်ဖော် သွားမည်ဖြစ်ကြောင်း၊ အထူးသဖြင့် ၎င်းတို့သည် အခြားလုပ်ငန်းများကဲ့သို့ ကြီးမားသော VAT ပြန်အမ်းငွေမူဝါဒများကို ခံစားနိုင်မည် ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းအုပ်စုအတွက် ၂၀၂၀ ခုနှစ်မှ ယခုနှစ် ၂၀၂၂ ခုနှစ် စက်တင်ဘာလကုန်အထိ ယွမ်ငွေ ၁ ထရီလီယံတန်ဖိုးရှိ အခွန်နှင့် အခကြေးငွေများကို လျှော့ချလိုက်ကြောင်း ” နိုင်ငံတော်အခွန်ရုံးမှ တာဝန်ရှိသူ Dai Shiyou ထံမှ သိရှိရပါသည်။

Source: (မြန်မာစီးပွားရေးသံမှူး၊ကူမင်းမြို့)ရင်းမြစ် Self-employed businesses enter new era as regulation takes effect – News – 云桥网英文 (yunnangateway.com)

https://myantrade.gov.mm/article/%E1%80%90%E1%80%9B%E1%80%AF%E1%80%90%E1%80%BA%E1%80%94%E1%80%AD%E1%80%AF%E1%80%84%E1%80%BA%E1%80%84%E1%80%B6%E1%80%90%E1%

## ယခုနှစ် တရုတ်ကို တင်ပို့မယ့် မိုးဖရဲတွေ ဈေးကွက်ပျောက်နေ

ယခုနှစ် မိုးဖရဲရာသီမှာ တရုတ်နယ်စပ် ရွှေလီနဲ့ ဝမ်တိန်မြို့တို့ကို လော့ဒေါင်းချထားတဲ့အတွက်ကြောင့် ဖရဲတင်ပို့နိုင်ခြင်းမရှိဘဲ ဈေးကွက်ပျောက်နေတယ်လို့ မူဆယ်သစ်သီးဝလံ ကုန်စည်ဒိုင်ထံတွေဆီက သိရပါတယ်။

“လောလောဆယ်က ဈေးကွက်ပျောက်နေတဲ့ အနေအထားမျိုးဖြစ်နေတယ်။ လော့ဒေါင်းတွေ ပြန်ဖြေလျှော့ပြီးရင်တော့ တင်ပို့ဖို့ဖြစ်လာနိုင်ပါတယ်။ ဖရဲသီးတွေက ဈေးကွက်ထဲရောက်ပေမယ့် ရောင်းကွက်ထဲမဝင်နိုင်သေးဘူး။ တရုတ်နိုင်ငံဘက်က ကုန်သည်တွေကလည်း ရွှေလီ–ဝမ်တိန် လော့ဒေါင်းကြောင့် မလာနိုင်ကြသေးဘူး”လို့ ခွာညိုသစ်သီးပွဲရုံမှ တာဝန်ရှိသူတစ်ဦးက မြန်မာ့ပလက်ဖောင်းကို ပြောပါတယ်။

လက်ရှိ မိုးဖရဲစိုက်ထားတဲ့ တောင်သူတွေအနေနဲ့ ပြည်တွင်းဈေးကွက်ကိုသာ အားထားနေရပြီး ရန်ကုန်သီရိမင်္ဂလာဈေးနဲ့ ဒညင်းကုန်းဈေးတို့ကိုသာ ရောင်းချနေရတယ်လို့ ဖရဲစိုက်တောင်သူတွေဆီက သိရပါတယ်။ လက်ရှိ တရုတ်ကိုတင်ပို့တဲ့ ဖရဲဈေးကွက် ပျောက်နေတဲ့အတွက်ကြောင့် ဆောင်းဖရဲစိုက်ပျိုးမှု သိသိသာသာ လျော့နည်းသွားနိုင်ပြီး သုံးပုံတစ်ပုံခန့်သာ စိုက်ပျိုးနိုင်မှာဖြစ်သလို မိုးဖရဲစိုက်ဧကလည်း ယခုနှစ် ထက်ဝက်နီးပါး လျော့ကျပြီး အထွက်နှုန်း ကျဆင်းမှုကလည်း ၆၀ ရာခိုင်နှုန်းထိ ရှိနေတယ်လို့ တောင်သူတွေဆီက သိရပါတယ်။

ဖရဲဈေးအနေနဲ့ တရုတ်နိုင်ငံကို တင်ပို့တဲ့ ၁၇ တန်ဆံ့ တွဲကားတစ်စီးကို ယွမ် ၆၀၀၀၀ ရရှိပြီး ပြည်တွင်းဈေးကွက်မှာတော့ တွဲကားတစ်စီးကို မြန်မာငွေကျပ် သိန်း ၃၀ ခန့်ရရှိတယ်လို့ သိရ ပါတယ်။

Source : https://www.myanmaplatform.com/a/64843.html

## စစ်ကိုင်းတိုင်းဒေသကြီး၌ တိုးချဲ့စိုက်ပျိုးသင့်သည့် အစေ့ထုတ်ပြောင်း



Sourse: မြန်မာ့အလင်း

အစေ့ထုတ်ပြောင်းသီးနှံသည် ပြည်တွင်းမွေးမြူရေး အစားအစာနှင့် ပြည်ပသို့ တင်ပို့ ရောင်းချရန်အတွက် အရေးပါသော သီးနှံတစ်မျိုးဖြစ်သည်။ အစေ့ထုတ်ပြောင်းသီးနှံကို တောင်ပေါ်ဒေသများတွင် ကေရီ၊ ရေဆင်းစပ်မျိုး (၃) နှင့် ရေဆင်းစပ်မျိုး (၅) တို့ကို အများဆုံး စိုက်ပျိုးကြပြီး မြေပြန့်ဒေသများတွင် ရွှေဝါ (၁)၊ စူဝမ် (၃)၊ ရေဆင်းစပ်မျိုး(၂)၊ ရေဆင်းစပ် မျိုး(၃)၊ ရေဆင်းစပ်မျိုး (၄)နှင့် ရေဆင်းစပ်မျိုး(၅) တို့ကို အဓိကထား စိုက်ပျိုးကြသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းအရ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် မိုးစိုက်ဧက ၂၁၀၆၀၈ ဧကနှင့် ဆောင်းစိုက်ဧက ၂၅၀၂၅ ဧက စုစုပေါင်း ၂၃၅၆၃၃ ဧက စိုက်ပျိုးခဲ့သည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စက်တင်ဘာလကုန်အထိ မိုးစိုက်ဧက ၁၅၇၆၂၃ ဧက စိုက်ပျိုးခဲ့သည်။ ကန့်ဘလူခရိုင်၊ ကလေးခရိုင်၊ ရွှေဘိုခရိုင်နှင့် စစ်ကိုင်းခရိုင်တို့တွင် အများဆုံးစိုက်ပျိုးပြီး ယခုနှစ်တွင် လုပ်အားခများပြားခြင်း၊ လုပ်သားရှားပါးခြင်းနှင့် ရာသီဥတုအခြေအနေအပေါ်မူတည်၍ အစေ့ထုတ်ပြောင်း (CP) ကို ပိုမို စိုက်ပျိုးလာကြသည်။ တစ်ဧက စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်မှာ ငွေကျပ် လေးသိန်းခန့် ကုန်ကျသည်။ ပေါက်ဈေးအနေ ဖြင့် ယခင်နှစ် အောက်တိုဘာလ တွင် တစ်တင်းလျှင် ငွေကျပ် ၁၀၅၀၀၊ ယခုနှစ် တစ်တင်းလျှင် ငွေကျပ် ၁၇၈၀၀ ရရှိသဖြင့် ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် ယခုနှစ်တွင် ငွေကျပ် ၇၃၀၀ ပိုမိုရရှိသည်။ တစ်ဧက ပျမ်းမျှအထွက်နှုန်းမှာ တင်း ၇၀ ထွက်ရှိသဖြင့် တစ်ဧကဝင်ငွေမှာ ငွေကျပ် ၁၂ သိန်းကျော်ခန့် ရရှိသဖြင့် တစ်ဧက အကျိုးအမြတ်မှာ ငွေကျပ် ရှစ်သိန်းခန့် ရရှိကြောင်း၊ ပြည်ပသို့ တင်ပို့ရောင်းချရန် အတွက် အရေးပါသော သီးနှံတစ်မျိုး ဖြစ်သည့်အတွက် အစေ့ထုတ် ပြောင်းသီးနှံကို ပိုမိုတိုးချဲ့စိုက်ပျိုးသင့်သည့် သီးနှံတစ်မျိုး ဖြစ်ကြောင်း သိရသည်။

Sourse: မြန်မာ့အလင်း

## ပခုက္ကူကြက်သွန်ဈေးကွက်တွင် ကြက်သွန်အဟောင်းဝင်ရောက်မှု လျော့ကျပြီး အသစ်အနည်းငယ် စတင်ဝင်ရောက်လာ



https://news-eleven.com/article/239905

ပခုက္ကူကြက်သွန်ဈေးကွက်အတွင်း နိုဝင်ဘာလဆန်းတွင် ကြက်သွန်အဟောင်းများ ဝင်ရောက်မှုလျော့နည်းလာပြီး မိုးကြက်သွန်အသစ် အနည်းငယ် စတင်ဝင်ရောက်လာကြောင်း သိရသည်။ ယောချောင်းဒေသထွက် ကြက်သွန်အဟောင်းမှာ ပခုက္ကူဈေးကွက်သို့ နေ့စဉ်ပိဿာချိန် တစ်သောင်းအောက်သာ ဝင်ရောက်ပြီး အနိမ့်ဆုံး ကျပ် ၂၇၀၀ မှ အမြင့်ဆုံး ၃၆၀၀ ကျပ်အထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ပခုက္ကူကြက်သွန်ဈေးကွက်သို့ နိုဝင်ဘာ ၄ ရက်တွင် ဂျုန်သေးတစ်ပိဿာ ကျပ် ၂၇၀၀ - ၂၉၀၀၊ ဂျုန်လတ်တစ်ပိဿာ ကျပ် ၃၀၀၀ - ၃၂၀၀ နှင့် ဂျုန်ကြီးတစ်ပိဿာ ကျပ် ၃၃၀၀ - ၃၆၀၀ ဈေးရှိပြီး မိုးကြက်သွန် သစ်မှာ တစ်ပိဿာ ကျပ် ၂၈၀၀ ခန့် ပေါက်ဈေးရှိကြောင်း သိရသည်။

“ကြက်သွန်အဟောင်းက ကုန်သလောက် ဖြစ်နေပြီ။ ကုန်အဝင်ပါးပြီး အဝယ်များတယ်ဆိုတော့ ဈေးကအမြင့်ဘက်မှာပဲရှိတယ်။ ဝယ်လက်ကတော့ နယ်စုံရော လက်လီသမားရော အကုန်ပါတယ်။ မိုးကြက်သွန်ကတော့ စဝင်နေပြီ။ ပိဿာချိန် အားဖြင့် ရာဂဏန်းနည်းနည်းပဲ ရှိပါသေးတယ်။ တဖြည်းဖြည်းချင်း မိုးကြက်သွန်အဝင်က များလာမှာပါ။ ကြက်သွန်သစ် ဝင်ရင်တော့ ဈေးအေးနိုင်ပါတယ်”ဟု ကြက်သွန်ရောင်းဝယ်ရေး လုပ်ကိုင်သူတစ်ဦးက ပြောကြားသည်။ မိုးကြက်သွန်ခင်း အများစုမှာ ယခုလ တတိယပတ်ရောက်မှသာ နုတ်သိမ်းမှုများပြားနိုင်ပြီး လက်ရှိတွင် ရေသွင်းခြင်း၊ ပေါင်းသင်ခြင်း၊ မြေဩဇာ ထည့်သွင်းခြင်းများ လုပ်ဆောင်နေဆဲဖြစ်ကြောင်း သိရသည်။

“ဒီနှစ်က စိုက်မြေတွေ ရေမလွှမ်းတော့ မြေဆီမြေဩဇာလည်း ပိုဖြည့်ရတယ်။ မြေကလည်း အစိုဓာတ်နည်းတော့ ရေသွင်းရတယ်။ စိုက်စရိတ်တက်လာတယ်။ လက်ရှိတော့ အပင်ဖြစ်ကောင်းတဲ့သူရော ညံ့တဲ့သူရောအစုံပဲ။ ကြက်သွန်နုတ်မှပဲ

သေချာသိရမှာ။ စိုက်ရက်ပြည့်ဖို့က နောက်ထပ် ၁၅ ရက်လောက် လိုသေးတယ်။ တောင်သူက စိုက်စရိတ်မြင့်တော့ ဈေးရချင်တယ်”ဟု ရေစကြိုမြို့နယ်က တောင်သူတစ်ဦးက ပြောကြားသည်။

ပခုက္ကူဒေသတစ်ဝိုက် မိုးကြက်သွန်စိုက် တောင်သူများမှာ ၂၀၂၁ ခုနှစ် စိုက်ပျိုးရောင်းဝယ်ချိန်တွင် တစ်ပိဿာ အမြင့်ဆုံး ကျပ် ၈၀၀ ဖြင့် ရောင်းချခဲ့ရပြီး အများစုမှာ တစ်ပိဿာ ကျပ် ၄၀၀ ခန့်သာ ရရှိသည့်အတွက် အဆင်မပြေမှု ကြုံတွေ့ခဲ့ရကြောင်း သိရသည်။

Source: https://news-eleven.com/article/239905

## မြန်မာနိုင်ငံတွင် ငါးဈေးကွက်ဖြစ်ပေါ်လာရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် အစိုးရပိုင်းနှင့် လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ဟု ပြောကြား

မြန်မာနိုင်ငံတွင် ငါးဈေးကွက် ဖြစ်ပေါ်လာရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် အစိုးရပိုင်းနှင့် လုပ်ငန်းရှင်များအကြား ပူးပေါင်းဆောင်ရွက်ရန် လိုအပ်နေကြောင်း သိရသည်။ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ အပြည်ပြည်ဆိုင်ရာ ငါးလေလံဈေးကို အခြေခံကာ ထိုင်းနိုင်ငံတွင် ရောက်ရှိနေသည့် ငါးဈေးကွက်ကို ပြန်ယူရန်အတွက် အစိုးရအဆက်ဆက် ကြွေးကြော်ခဲ့သော်လည်း လုပ်ဆောင်နိုင်ခဲ့ခြင်းမရှိဖြစ်ခဲ့ရာ လက်ရှိအခြေအနေတွင် အစိုးရပိုင်းနှင့် လုပ်ငန်းရှင်များအကြား အမှန်တကယ် ပူးပေါင်းဆောင်ရွက် သင့်နေပြီဖြစ်ကြောင်း တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များက ပြောကြားသည်။

မြိတ်မြို့ အင်းလေးမြိုင်စက်မှုဇုန်တွင် မြန်မာအပြည်ပြည်ဆိုင်ရာ အဆင့်မီ ငါးလေလံဈေးကြီးတစ်ခု တည်ရှိနေပြီး နောက်ထပ် ငါးလေလံဈေးကြီးတစ်ခု လုပ်ဆောင်ရန် လုပ်ငန်းရှင်တချို့မှလည်း ကြိုးစားနေကြောင်း သိရသည်။

“ One Stop Service လုပ်နေတဲ့ဧရိယာမှာ ငါးလေလံဈေးကို အကောင်ထည်ဖော်ဖို့ဆိုပြီး ကြိုးပမ်းဆောင်ရွက်ခဲ့တာဖြစ်ပါတယ်၊ ဒါပေမယ့် နိုင်ငံတကာဈေးကွက်အထိ သွားနိုင်တဲ့လေလံဈေးမျိုးမဖြစ်လာတာက အဆောက်အအုံတွေ၊ အအေးခန်းစက်ရုံတွေ မတည်ဆောက်နိုင်တဲ့ အခြေနေဖြစ်သလို၊ တံတားကလည်း ကမ်းကပ်နိုင်တဲ့ အခြေအနေမျိုးကနေ အားနည်းလာတာတွေ့ရတယ်၊ ကုန်ကြမ်းကို သိုလှောင်တဲ့ အအေးခန်းတွေ၊ ရေခဲစက်တွေကလည်းမရှိသေးတော့ နိုင်ငံတကာ ဈေးကွက်ကို ဖော်ဆောင်နိုင်ဖို့ဆိုတာ အားနည်းသွားတယ်။ နောက်ထပ်တစ်ခါ အများပိုင်အုပ်စုက စုပေါင်းပြီးတော့ ငါးလေလံဈေးအကြီးတစ်ခု တည်ဆောက်ဖို့ ဆိုပြီးတော့ အဆိုပြုလာတာတွေ့ရတယ်၊ လုပ်ငန်းတော့စတင်နေတာ မတွေ့ရဘူး၊ မြေယာရရှိရေးအတွက်ကို ကြိုးပမ်းဆောင်ရွက်နေတဲ့ အဆင့်မှာပဲ ရှိသေးတယ်၊ မြေယာရရှိရေးအတွက်ကိုပဲ ကြိုးစားဆောင်ရွက်နေတယ်လို့ ကျွန်တော်သိရပါတယ်”ဟု မြိတ်ခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဦးဇော်မင်းဦးက ပြောကြားသည်။

လက်ရှိလည်ပတ်နေသော အင်းလေးမြိုင် စက်မှုဇုန်ရှိ အပြည်ပြည်ဆိုင်ရာ ငါးလေလံဈေးမှာ MIC မှ ဒေါ်လာသန်း ၇၀ ရင်းနှီးမြှုပ်နှံခွင့်ရထားပြီး မြေဧက ၁၀၀ ကျော်ပေါ်တွင် အခြေခံအဆောက်အအုံများ၊ လေလံဈေး၊ ငါးဖမ်းလှေများ ဆိုက်ကပ်သည့်တံတားကြီးတစ်စင်းကိုလည်း တည်ဆောက်ထားကြောင်း သိရသည်။

“ကျွန်မတို့ ငါးလေလံဈေးကို စတင်တည်ဆောက်ကတည်းက ထိုင်းရောက်နေတဲ့ ငါးဈေးကွက်ကို မြန်မာနိုင်ငံကို ပြန်ရောက်အောင်လုပ်ဖို့၊ အလုပ်အကိုင်အခွင့် အလမ်းတွေရရှိဖို့၊ နိုင်ငံတော်က ရသင့်ရထိုက်တဲ့ အခွန်အခတွေ မှန်ကန်စွာရရှိဖို့ ဆိုပြီး ရည်ရွယ်ထားခဲ့တယ်၊ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၀ ကျော်ကတည်းက လုပ်ငန်းရှိနေတာပါ။ ကျွန်မတို့နိုင်ငံက သယံဇာတတွေကို ထိုင်းနိုင်ငံထဲအထိ ကုန်ကြမ်းအဆင့်နှင့် ပို့နေရသလို လုပ်သားတွေလည်း သွားရောက်လုပ်ကိုင်နေရတယ်။ မြန်မာနိုင်ငံမှာ ငါးဈေးကွက်ပြန်ရောက်လာဖို့ အစိုးရပိုင်းကလည်း ကူညီပံ့ပိုးမယ်၊ လုပ်ငန်းရှင်တွေ အနေနှင့်လည်း အမှန်တကယ် လုပ်ဆောင်ကြမယ်ဆိုရင် ကျွန်မတို့ပူးပေါင်းဆောင်ရွက်ဖို့ အဆင်သင့်ပါပဲ။ ကျွန်မတို့ ပူးပေါင်းဆောင်ရွက်သွားမယ်ဆိုရင် ငါးဈေးကွက် မြန်မာနိုင်ငံကို သေချာပေါက်ပြန်ရောက်လာမှာပါ။ မြေဧက ၁၀၀ ကျော်အပေါ်မှာ အခြေခံအဆောက်အအုံတွေ၊ အအေးခန်းတွေ၊ ကုန်ချောစက်ရုံတွေ အများကြီးရင်းနှီးမြှုပ်နှံလို့ ရပါတယ်၊ ကျွန်မတို့အနေဖြင့် ပူးပေါင်းဆောင်ရွက်ဖို့ ဖိတ်ခေါ်ပါတယ်” ဟု မြန်မာအပြည်ပြည်ဆိုင်ရာ အဆင့်မီငါးလေလံဈေးမှ MD ဒေါ်ငွေငွေဝင်းက ပြောကြားသည်။

အစိုးရအဆက်ဆက် law Informant မလုပ်နိုင်ခဲ့သည့်အတွက် မြန်မာ့သယံဇာတများမှာ ထိုင်းနိုင်ငံသို့ ရောက်ရှိနေခဲ့ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၆၀ ရာခိုင်နှုန်း၊ အစိုးရ (ငါးလုပ်ငန်းဦးစီးဌာန) ၃၀ ရာခိုင်နှုန်း၊ တိုင်းရင်းသား လုပ်ငန်းရှင် ၁၀

ရာခိုင်နှုန်း ပိုင်ဆိုင်သည့် ငါးလေလံဈေးမှာ ကြန့်ကြာမှုများ ဖြစ်ပေါ်နေခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာအုပ်စုတွင် အမေရိကန်ဒေါ်လာ သန်း ၃၀၀ ရင်းနှီးမြှုပ်နှံမည်ဆိုသော နိုင်ငံတကာ အဆင့်မီ ငါးလေလံဈေးကြီးတစ်ခု တည်ဆောက်ရန် တင်ပြထားမှုအပေါ် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ပြီးခဲ့သည့် ရက်ပိုင်းက ဖြစ်နိုင်ဖွယ်ရှိမရှိ ဆန်းစစ်ချက်များ ပြုလုပ်ခဲ့ကြောင်း၊ အဆိုပါ စီမံကိန်းမှာ ခုနစ်နှစ် မှ ရှစ်နှစ်အထိ ကြာမြင့်ဦးမည် ဖြစ်ကာ လက်ရှိအနေထားတွင် လယ်ယာမြေကိစ္စများ၊ မြေယာ ပိုင်ဆိုင်မှုများအတွက် ဆောင်ရွက်နေဆဲဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

Source : https://news-eleven.com/article/239902

## STOCK EXCHANGE (4.11.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 4th Nov. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,200 | +100 | +1.10% | 9,200 | 9,200 | 9,200 | 3 | 27,600 | 33,109,694 | 304,609 |
| MTSH | 00002 | 3,400 | +100 | +3.03% | 3,300 | 3,400 | 3,300 | 336 | 1,109,100 | 38,929,150 | 132,359 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 53 | 408,100 | 10,400,986 | 80,088 |
| FPB | 00004 | 19,500 | +0 | +0.00% | 19,500 | 19,500 | 19,500 | 0 | 0 | 2,472,053 | 48,205 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,750 | 30 | 82,500 | 12,823,224 | 35,264 |
| EFR | 00006 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 251 | 677,700 | 19,977,223 | 53,939 |
| AMATA | 00007 | 4,900 | -200 | -3.92% | 5,000 | 5,000 | 4,900 | 21 | 104,900 | 10,497,598 | 51,438 |


### Market summary

As of 4th Nov. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 405.78 | +2.93 | +0.73% | 402.85 | 405.78 | 402.24 | 694 | 2,409,900 | 7 | 705,902 |

**Index chart**



# Market Overview

## Main Board

As of 1:00 pm, 4th Nov. 2022

| MYANPIX | 405.78 ▲ 2.93 |
|---|---|
| Total Volume (shares) | 694 |
| Total Value (MMK) | 2 mil |
| Listed Company | 7 |
| Market Cap. (MMK) | 705,902 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,200 | ▲ 100 |
| MTSH | 00002 | 3,400 | ▲ 100 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 19,500 | ▲ 0 |
| TMH | 00005 | 2,750 | ▲ 0 |
| EFR | 00006 | 2,700 | ▲ 0 |
| AMATA | 00007 | 4,900 | ▼ 200 |

TIR